# မိတ်ဆက်စကား

## ဒီစာအုပ်ရဲ့ ရည်ရွယ်ချက်

ဘာသာစကား အားလုံးမှာ ကြုံတွေ့ရတတ်သလိုပါပဲ…။ အင်္ဂလိပ်စာမှာလည်း အင်္ဂလိပ်စာကို ဒုတိယဘာသာစကား အဖြစ် လေ့လာသူတွေအတွက် အခက်အခဲတွေ အများကြီး ရှိတယ်။ အဲ့ဒီ အခက်အခဲတွေထဲက တစ်ချို့ကိုတော့ လွယ်လင့်တကူ ရှင်းပြလို့ရတယ်။ ဥပမာ **the formation of questions မေးခွန်းတွေရဲ့ ဖွဲ့စည်းပုံ**၊ for နဲ့ since ရဲ့ ကြားမှာရှိတဲ့ ကွာခြားချက်၊ *after all* ရဲ့ အဓိပ္ပါယ်။ ဒါပေမဲ့ တစ်ချို့ အခက်အခဲတွေကတော့ ပိုပြီး မာယာများတယ်။ အဆင့်မြင့် စာသင်သားတွေနဲ့ ဆရာတွေအတွက်တောင်မှ အခက်တွေ့စေနိုင်တယ်။ present perfect ကို ဘယ်လိုမျိုး တိတိကျကျ အသုံးပြုသလဲ။ past tense တွေကို ယဉ်ကျေးအောင် ပြောဆိုဖို့ ဘယ်အခါမှာ သုံးတာလဲ။ *at, on* နဲ့ *in* ကို နေရာပြ အသုံးအနှုန်းတွေနဲ့ တွဲသုံးတဲ့အခါ ဘယ်လို ကွာခြားသွားသလဲ။ *a chair leg* လို့ သုံးနိုင်ပေမဲ့ ဘာဖြစ်လို့ *a cat leg* လို့ သုံးလို့ မရတာလဲ။ ဘယ်အခါမှာ *do so?* လို့ သုံးနိုင်တာလဲ။ ဘယ်အချိန်မှာ *the* ကို superlative တွေနဲ့ တွဲသုံးနိုင်တာလဲ။ *unless* ဟာ *if not* နဲ့ အတူတူပဲလား။ *come* နဲ့ *go* ရဲ့ ကြားမှာ ရှိတဲ့ ခြားနားချက်, *each* နဲ့ *every* ရဲ့ ကြားမှာ ရှိတဲ့ ခြားနားချက်, *big, large* နဲ့ *great* တွေရဲ့ ကြားမှာ ရှိတဲ့ ခြားနားချက်, *fairly,quite, rather* နဲ့ *pretty* တွေရဲ့ ကြားမှာ ရှိတဲ့ ခြားနားချက် အစရှိတာတွေက ဘယ်လိုတွေလဲ။ *There's three more bottles in the fridge.* လို့ ပြောတာ မှန်သလား။ *3 x 4=12* ကို ဘယ်လို ပြောလေ့ရှိသလဲ။ အစရှိတာတွေပေါ့။

***Practical English Usage*** က အဲ့ဒီလို အခက်အခဲတွေအတွက် လမ်းညွှန်ဖြေရှင်းပေးမယ့် စာအုပ်ဖြစ်တယ်။ ဒီ စာအုပ်ထဲမှာ အင်္ဂလိပ်စာကို ဒုတိယဘာသာစကားအဖြစ် လေ့လာသူတွေအတွက် အမြဲတမ်းလိုလို အခက်အခဲတွေ့စေတဲ့ အကြောင်းအရာ ၆၀၀ ကျော်ကို ဆွေးနွေးတင်ပြထားတယ်။ ဥပမာအားဖြင့် တချို့ ဝါကျတည်ဆောက်ပုံတွေရဲ့ အသုံးပြုပုံနဲ့ပတ်သက်ပြီး သေသေချာချာ မသိတဲ့ စာသင်သားတွေ၊ မှားသွားမှန်းတော့ သိပါရဲ့၊ ဒါပေမဲ့ ဘာကြောင့် မှားမှန်း မသိတဲ့ လေ့လာသူတွေအတွက် ဒီစာအုပ်ဟာ အသုံးဝင်ပါလိမ့်မယ်။ အင်္ဂလိပ်စာမှာ ရှိတဲ့ အခက်အခဲတွေကို ရှင်းရှင်းလင်းလင်း ဖြစ်အောင်ပြောပြချင်တဲ့ ဆရာတွေအတွက်လည်း ဒီ စာအုပ်ဟာ အထောက်အကူဖြစ်ပါလိမ့်မယ်။ သဒ္ဒါနဲ့ပတ်သက်ပြီး အင်မတန် ပြည့်စုံတဲ့ ဆွေးနွေးချက်တွေ ပါသလို အခက်အခဲဖြစ်စေတတ်တဲ့ ဝေါဟာရ အပြောက်အများအတွက် ရှင်းလင်းချက်တွေလည်း ပါတယ်။ စာသင်သားတွေနဲ့ ဆရာတွေကို စိုးရိမ်ပူပန်မှုတွေ ဖြစ်စေတတ်တဲ့ ယေဘုယျ မေးခွန်းတွေ (ဥပမာ **formality အတည်အခန့် အသုံးပြုပုံ၊ slang ဘန်းစကား၊ standard English စံထား အင်္ဂလိပ်စာ နဲ့ dialects ဒေသိယစကားတွေရဲ့** သဘောသဘာဝ အစရှိတာတွေ) အတွက် ပိုပြီး ရှင်းလင်းအောင် ပုံစံထုတ်တင်ပြထားတဲ့ အကြောင်းအရာတွေလည်း ပါဝင်တယ်။

## ဘယ်သူတွေ လေ့လာရမလဲ

ဒီစာအုပ်ဟာ အင်္ဂလိပ်စာကို အဆင့်အတန်း မြင့်မြင့်မားမား တတ်မြောက်အောင် လေ့လာချင်သူ စာသင်သားတွေနဲ့ ဆရာတွေအတွက် ရည်ရွယ်တယ်။ ရည်ညွှန်းစာအုပ်တစ်အုပ် ဖြစ်တာနဲ့အညီ ဒီစာအုပ်ထဲမှာ အတော်အသင့် အခြေခံကျတဲ့ အကြောင်းအရာတွေကနေ လုံးဝ အဆင့်မြင့်တဲ့ အခက်အခဲတွေအထိ လေ့လာမှု အဆင့်အမျိုးမျိုး အတွက် သိထားဖို့ လိုအပ်တဲ့ အချက်အလက်တွေ ပါဝင်တယ်။

## ဖွဲ့စည်း စီစဉ်ထားပုံ

ကြုံတွေ့ရတတ်တဲ့ အခက်အခဲတွေကို များသောအားဖြင့် တစ်ခုချင်း ခွဲခြားပြီး ရှင်းပြပေးထားတယ်။ ဒါကြောင့် ဒီစာအုပ်ဟာ သဒ္ဒါစာအုပ်တစ်အုပ်ထက် အဘိဓာန်စာအုပ်နဲ့ ပို တူနေတယ်။ အဲ့ဒီလို စီစဉ်ထားတာကြောင့် အချက်အလက် တစ်ခုချင်းကို ရှင်းလင်းပြည့်စုံအောင် လေ့လာခွင့်ရစေပြီး လိုအပ်တဲ့ အကြောင်းအရာပေါ်မှာ အပြည့်အဝ အာရုံစူးစိုက်နိုင်စေမှာ ဖြစ်တယ်။ ဆက်စပ်မှုရှိတဲ့ ခေါင်းစဉ်တွေ (ဥပမာ tense တစ်ခုရဲ့ အသုံးပြုပုံ အမျိုးမျိုး) ကို အသုံးတည့်မယ့် နေရာတွေမှာ အုပ်စုဖွဲ့ပေးထားတယ်။ ဒါပေမဲ့ အဲ့ဒါတွေကို သီးခြား ဖတ်ရှုလို့လည်း ရနိုင်တယ်။ ရှည်ရှည်လျားလျား ဖော်ပြပေးဖို့ လိုအပ်တာတွေမှာတော့ အခြေခံကျတဲ့ အချက်အလက်တွေကို ယေဘုယျအားဖြင့် အရင်ဆုံး ပေးထားတယ်။ ဒီနောက်မှာမှ ပို အသေးစိတ်တဲ့ ရှင်းလင်းချက်တွေ၊ သိပ်အရေးမကြီးတဲ့ အချက်အလက်တွေအတွက် ဆွေးနွေးချက်တွေ ဆက်လက်ဖော်ပြထားတယ်။ ပါဝင်တဲ့ အကြောင်းအရာတွေကို ခေါင်းစဉ် နံပါတ်စဉ်တွေနဲ့ အက္ခရာစဉ်အတိုင်း စီစဉ်ပေးထားတယ်။ ပြည့်စုံတဲ့ **index အညွှန်းတွေမှာတော့** အကြောင်းအရာတစ်ခုစီကို ရှာဖွေလို့ရအောင် ပြသပေးထားတယ်။

## ချဉ်းကပ်ပုံ နဲ့ ဝေါဟာ

အပြင်ပုံကို တတ်နိုင်သလောက် လက်တွေ့ဆန်အောင် ကြိုးစားဆောင်ရွက်ပေးထားတယ်။ ပါဝင်တဲ့ အကြောင်းအရာ တစ်ခုချင်းစီအတွက် အခက်အခဲနဲ့ပတ်သက်တဲ့ ရှင်းလင်းပြောဆိုချက်၊ မှန်ကန်တဲ့ အသုံးအနှုန်း ဥပမာတွေ၊ ပြီးတော့ (အသုံးတည့်မယ့် နေရာတွေမှာ) တွေ့နေကျ အမှားတွေရဲ့ နမူနာတွေ ထည့်သွင်းပေးထားတယ်။ တစ်ချို့ ဖြစ်ရပ်တွေမှာ ရှင်းလင်းချက်ဟာ စာသင်သားသဒ္ဒါစာအုပ် အများအပြားမှာ တွေ့ရတာတွေနဲ့ အတော်အတန် ကွာခြားနေနိုင်တယ်။ တချို့အကြောင်းအရာတွေ (ဥပမာ conditionals ဒါမှမဟုတ် indirect speech တွေ) အတွက် အစဉ်အလာအတိုင်း ပေးထားတဲ့ စည်းမျဉ်းတွေဟာ အမြဲတမ်းတော့ တိကျမှု ရှိမနေတာကြောင့်၊ တစ်နည်းအားဖြင့် အထောက်အကူ မဖြစ်စေတာကြောင့်ပါပဲ။ ရှင်းလင်းချက်တွေကို တတ်နိုင်သလောက် ရိုးရှင်းတဲ့ နေ့စဉ်သုံး စကားတွေနဲ့ ပေးထားတယ်။ သဒ္ဒါဗေဒဆိုင်ရာ အခေါ်အဝေါ်တွေကို သုံးဖို့ လိုအပ်တဲ့နေရာတွေမှာ ဆိုးဆိုးရွားရွား နားလည်မှု လွဲစေမယ့် တချို့တလေကလွဲလို့၊ နားလည်ဖို့ ရှင်းလင်း လွယ်ကူတဲ့ အစဉ်အလာ အခေါ်အဝေါ်တွေကိုပဲ ဦးစားပေး သုံးထားတယ်။

## သီးနှံတာကို ရှာဖွေဖို့

သီးသန့် အကြောင်းအရာတွေနဲ့ ပတ်သက်တဲ့ အချက်အလက်တွေကို ရှာဖွေဖို့အတွက် အကောင်းဆုံးနည်းကတော့ အညွှန်းမှာ ကြည့်လိုက်တာပါပဲ။ အကြောင်းအရာ အများစုကို နာမည်ကွဲ အမျိုးမျိုးရဲ့အောက်မှာ ညွှန်းပေးထားတယ်။ အဲ့ဒါကြောင့် သိဖို့ လိုအပ်တဲ့ အကြောင်းအရာအတွက် တည်ရှိတဲ့ နေရာရှာဖို့ ခက်ခဲမှာ မဟုတ်ဘူး။ ဥပမာအားဖြင့် *I'm not used to drive on the left.* လို့ မသုံးဘဲ *I'm not used to driving on the left.* လို့ သုံးရတာ ဘာကြောင့်လဲလို့ သိချင်ရင် 'used', 'be used', 'to' ဒါမှမဟုတ်'-ing form' တွေရဲ့အောက်က အညွှန်းထဲမှာ ရှာကြည့်ပြီး အဲ့ဒီ အကြောင်းကို ရှင်းလင်းပြောပြထားတဲ့ အပိုင်းရဲ့ နံပါတ်ကို ရှာလို့ရတယ်။ ဒါကြောင့် အင်္ဂလိပ်စာ ရေးသားရာမှာပဲဖြစ်ဖြစ်၊ အင်္ဂလိပ်လို ပြောစရာရှိလို့ ကြိုတင်ပြင်ဆင်တဲ့အခါမှာပဲဖြစ်ဖြစ် အခက်အခဲ ကြုံခဲ့ရသောတဲ့ အခါတိုင်းမှာ ဒီစာအုပ်ဟာ အင်မတန်စိတ်ချရတဲ့ အပေါ်မှန်ကောင်းတစ်ယောက်လို၊ ဆရာသမား တစ်ယောက်လို အားကိုးအားထားရာ ဖြစ်ပါလိမ့်မယ်။